# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 17 , 2024 Volume 74, Number 11


၁၇.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၂ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၆၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပန်းတနော်ရှိ Global Earth စီမံကိန်းမှ ငါးတန်များ ယခုနှစ်အတွင်း ပြည်ပသို့တင်ပို့မည်



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှာ Global Earth အများပိုင်ကုမ္ပဏီရဲ့ Ayeyarwaddy Integrated Food Industry Complex ငါးမွေးမြူရေးစီမံကိန်းကနေ မွေးမြူထုတ်လုပ်တဲ့ငါးတန်တွေကို ယခုနှစ်အတွင်းမှာ ပြည်ပနိုင်ငံတွေဆီ တင်ပို့ရောင်းချသွားဖို့ရှိပါတယ်။

ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ် အပါအဝင် မြန်မာ့ရေထွက်ကုန် ဝယ်လက်နိုင်ငံတွေ တင်ပို့နိုင်ရေး စီစဉ်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အင်တာဗျူးတစ်ခုမှာ ပြောကြားထားပါတယ်။

Global Earth အများပိုင်ကုမ္ပဏီရဲ့ ပန်းတနော်ငါးတန်စီမံကိန်းအတွင်း သိပ္ပံနည်းကျ အဆင့်မြင့်ခေတ်မီငါးသားဖောက်ခြင်းနဲ့ မြန်မာနိုင်ငံမှာ အကြီးမားဆုံးငါးမွေးမြူခြင်း၊ ကုန်ချောပြုပြင်ထုတ်လုပ်ခြင်း၊ ငါးပေါင်းမှုန့်နဲ့ အစာတောင့်ထုတ်လုပ်ခြင်းတို့ ပါဝင်နေပါတယ်။

ယခုအခါ ငါးတန် အထီး၊ အမ (Breeders) တစ်သိန်းနှစ်သောင်းကို ပြုစုထားရှိပြီး နေ့စဉ် ငါးသားပေါက် (ငါးမှုန်) ကောင်ရေ သိန်း ၄၀ ကို ထုတ်လုပ်လျက်ရှိသလို လက်ရှိအချိန်မှာ ငါးသန်/ငါးဖြန်းကောင်ရေ သိန်း ၂၅၀ ခန့်နဲ့ အသားတိုး ငါးကောင်ရေ သိန်း ၂၅၀ ခန့် မွေးမြူထားပါတယ်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဒီဇင်ဘာလ ၃၀ ရက်မှ ဇန်နဝါရီလ ၅ ရက်အထိ ရေထွက်ကုန်တွေကို ပင်လယ်ရေကြောင်း၊ လေကြောင်းနဲ့နယ်စပ်ကုန်သွယ်မှုတို့မှ နိုင်ငံပေါင်း ၂၀ ထံ တန်ချိန် ၃,၀၇၀ ကျော် တင်ပို့ထားပါတယ်။

တရုတ်၊ ထိုင်း အိမ်နီးချင်း နိုင်ငံတွေကိုလည်း နယ်စပ်စခန်းတွေကတစ်ဆင့် တန်ချိန် ၇,၇၈၀ ခန့် တင်ပို့ထားပါတယ်။ ပြည်တွင်းမွေးမြူရေးငါးတွေဖြစ်တဲ့ ငါးမြစ်ချင်း၊ ငါးတန်၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမ၊ ငါးသိုင်းခေါင်းပွ စတဲ့ အမျိုးအစားပေါင်းစုံလင်စွာ တင်ပို့မှုရှိပါတယ်။

လက်ရှိမှာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုရှိ ပုစွန်မွေးမြူရေးကန်တွေက မွေးမြူထုတ်လုပ်တဲ့ ပနားမီးပုစွန်များကို တရုတ်၊ ဂျပန်ဈေးကွက်တွေထံ တင်ပို့လျက်ရှိပါတယ်။

**Source: BETV Business**

## ကြူကုတ်ကြက်သွန်ဖြူ ဈေးကျလာပေမဲ့ ရှမ်းကြက်သွန်ဖြူ အမြင့်ဈေးတန်းမှာပဲရှိနေ




ကြူကုတ်ကြက်သွန်ဖြူဈေး ဆက်တိုက်ကျလာပေမဲ့ ပြည်တွင်းကထွက်တဲ့ ဒေသခေါ်ရှမ်းကြက်သွန်ဖြူကတော့ လက်ကျန်နည်းလာတာကြောင့် ဈေးတွေက အမြင့်ဈေးတန်းမှာပဲရှိနေတယ်လို့ ရှမ်းတောင်ကုန်သည်တွေဆီက သိရပါတယ်။

တရုတ်ကနေ ကြူကုတ် ကြက်သွန်ဖြူအဝင်နည်းတာကတကြောင်း ၊ ပြည်တွင်းမှာ ရှမ်းကြက်သွန်ဖြူလက်ကျန်နည်းလာချိန် အဝယ်ရှိနေတာတွေကြောင့် ရှမ်းကြက်သွန်ဖြူဈေးက မြင့်တက်လာတာဖြစ်တယ်လို့သိရပါတယ်။ "ကြက်သွန်ဖြူက နှောင်းပိုင်းရောက်လာတယ်၊ ရောက်လာတော့ ပစ္စည်းကရှားသွားတယ် နည်းသွားတယ်ပေါ့၊ ပစ္စည်းနည်းနေတဲ့အချိန်မှာ ဝယ်လိုအားလေးကရှိနေတော့ ပစ္စည်းကမရှိတော့ ဈေးကတက်လာတဲ့သဘောပါ။ ဈေးကတော့ထပ်တက်လာမဲ့ အခြေအနေကိုရှိသေးတယ်" လို့ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ ရှမ်းတောင်သူသီးနှံပွဲရုံပိုင်ရှင် ကိုမိုက်ကယ်က သုံးသပ်ပြောပါတယ်။

ရှမ်းပြည်နယ် အောင်ပန်းကုန်စည်ဒိုင်ဈေးကွက်မှာ အောင်ပန်းထူး ၁ တစ်ပိဿာကို ၁၄,၀၀၀ ကျပ်၊ အောင်ပန်းထူး ၂ တစ်ပိဿာကို ၁၅,၀၀၀ ကျပ်၊ အောင်ပန်းထူး ၃ တစ်ပိဿာကို ၁၅,၈၀၀၊ အောင်ပန်းထူး ၄ တစ်ပိဿာ ၁၆,၀၀၀၊အောင်ပန်းထူး ၅ တစ်ပိဿာကို ၁၇,၀၀၀ ကျပ်၊ ဥတစ်လုံး (ရောမဆိုက်အလွန်) တစ်ပိဿာ ကို ၂၅,၀၀၀ ကျပ်၊ ဥတစ်လုံး အလတ်ဆိုက်က ၂၀,၀၀၀ ကျပ်၊ ဥတစ်လုံး အသေးဆိုက်က ၁၈,၀၀၀ ကျပ်ရှိပြီး ကြူကုတ် က ၁၁,၀၀၀ မှ ၁၂,၀၀၀ ကျပ်အထိရှိပါတယ်။

ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်မှာ ကြူကုတ်ရှယ်ကြက်သွန်ဖြူတစ်ပိဿာကို ၉၅၀၀ မှ ၉၈၀၀ ကျပ်သာရှိပြီး ရှမ်းပြည်နယ်ထွက် အောင်ပန်းထူး ၂ ကတစ်ပိဿာ ၁၅,၀၀၀ ကျပ်၊ အောင်ပန်းထူး ၃ က တစ်ပိဿာကို ၁၅,၈၀၀ ကျပ်၊ အောင်ပန်းထူး ၄ တစ်ပိဿာကို ၁၆,၃၀၀ ကျပ်၊ အောင်ပန်းထူး ၅ တစ်ပိဿာ ကို ၁၆,၈၀၀ ကျပ် ဈေးရှိပါတယ်။

နိုဝင်ဘာလမှာဖြစ်ပေါ်ခဲ့တဲ့ ကြူကုတ်ကြက်သွန်ဖြူဈေးထက် လက်ရှိမှာကြူကုတ်က တစ်ပိဿာကို ၁၅,၀၀၀ လောက်အထိ ပြန်ကျလာပေမဲ့ ဒေသဥကတော့ အဲ့ဒီအချိန်ကထက် ၂ လအတွင်းမှာ တစ်ပိဿာကို ၅၀၀၀ ကျပ်လောက်အထိ မြင့်တက်လာခဲ့တာပဲဖြစ်ပါတယ်။

လက်ရှိမှာ ရှမ်းပြည်နယ်ကထွက်တဲ့ ကြက်သွန်ဖြူကို ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးဈေးကွက်တွေကိုသာ အဓိကတင်ပို့ ရောင်းချနေရပြီး ကျန်တဲ့ဒေသအများစုကတော့ တင်ပို့မှုအနည်းငယ်သာရှိတယ်လို့သိရပါတယ်။ ရှမ်းကြက်သွန်ဖြူ အသစ်တွေက လာမဲ့ဧပြီလလောက်မှာ စတင်ရိတ်သိမ်းရမှာဖြစ်ပြီး အသစ်ပေါ်ချိန်ရောက်မှသာ ဈေးတန်းက ပြန်လည်ကျဆင်းနိုင်တယ်လို့ ကုန်သည်တွေကသုံးသပ်ပါတယ်။

**Source: (AMIA)**

**https://t.me/htwettoe**

## မချမ်းဘောဒေသထွက် တင်းကောသီးမှ တစ်ပိုင်တစ်နိုင် စားသုံးဆီများထုတ်လုပ်လာ



ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်မှာ ဒေသထွက်သီးနှံတစ်ခုဖြစ်တဲ့ နန်ကောရိုးခေါ် တင်းကောသီးကနေ တစ်ပိုင်တစ်နိုင် စားသုံးဆီတွေ ထုတ်ယူလျက်ရှိကြောင်း ဒေသခံတွေက ပြောပါတယ်။

တင်းကောသီးကို ဆီထွက်သီးနှံအဖြစ် ဆီများညှစ်ထုတ်မယ်ဆိုပါက ဒီဇင်ဘာလကုန် ဇန်နဝါရီလဆန်းလောက်မှသာ ဆွတ်ခူးရပြီး အဲဒီအချိန်မှ တင်းကောသီးတွေက ဆီထွက်နှုန်းများတယ်လို့ သိရပါတယ်။

ခူးဆွတ်ပြီး တင်းကောသီးအမှည့်တွေကို ရေနွေးနဲ့ပြုတ်ပြီးနောက် ပြုတ်ပြီးသား တင်းကောသီးများကို ကွဲထွက်လာသည် အထိထောင်းကာ ဆီညှစ်မောင်းဆုံမှာ သစ်သားတုံးတွေနဲ့ဖိညှစ်ပြီး ဆီကိုညှစ်ထုတ်ယူရတာပါ။

ဆီညှစ်ထုတ်ရာမှာ အပူခာတ်မကုန်ဆုံးမီတွင်ညှစ်မှသာ ဆီထွက်ရှိတာဖြစ်လို့ ပြုတ်ပြီးသားတင်းကောသီးကို တစ်ခါဆယ်ယူ တစ်ခါထောင်း တစ်ခါညှစ်ထုတ်ရတာဖြစ်လို့ ဆီရရှိဖို့အကြိမ်ကြိမ်ပြုလုပ်ရတယ်လို့ သိရပါတယ်။

ညှစ်ထုတ်ယူပြီးသား တင်းကောဆီကို ဆီနဲ့ရေကွဲသွားစေဖို့ တစ်ညခန့်စစ်ထားရပြီး ဆီတွေအေးခဲသွားတဲ့အခါ ရေနဲ့ သီးခြားဖြစ်သွားတဲ့ တင်းကောဆီတွေကို ခပ်ထုတ်ယူကာ ပြန်လည်ကျိုချက်ပြီးမှပဲ ကြက်ဥနှစ်အရောင် တင်းကော ဆီသန့်တွေကိုရရှိတာလို့ ဒေသခံတွေကပြောကြပါတယ်။

တင်းကောသီး ၈ ပြည်ပါ တစ်ပုံးကို ဆီညှစ်ထုတ်ပါက တင်းကောသီးအတွင်းသား အထူအပါးပေါ်မူတည်ကာ တင်းကောဆီ ၂ ပုလင်းမှ ၃ ပုလင်းထိ၊ ပိဿာအားဖြင့် ခန့်မှန်းခြေ တစ်ပိဿာနီးပါး ထွက်ရှိပါတယ်။

ယခုနှစ်မှာ တင်းကောဆီ ၁ ပုလင်းကို ကျပ် ၁၀,၀၀၀ ထိ ရောင်းဝယ်ကြတယ်လို့လည်း ဈေးကွက်အတွင်းကနေ သိရပါတယ်။ မချမ်းဘောမြို့နယ်မှာ တင်းကောပင်များကို ဒေသအစားအစာ၊ ဆီထွက်သီးနှံ၊ အရွက်များကို အိမ်အမိုး တဲအမိုးများအဖြစ် အသုံးပြုဖို့ စိုက်ပျိုးကြပါတယ်။

Source: BETV Business

## ပဲစင်းငုံဝယ်ယူရေး စကြီံတစ်ရပ်ကို အိန္ဒိယအစိုးရက တည်ထောင်ဆောင်ရွက်



အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၇ ခုနှစ် ဒီဇင်ဘာလအထိ ၄ နှစ်တာကာလအတွင်း ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ပဲမျိုးစုံ ဖူလုံမှုရရှိအောင် ဆောင်ရွက်သွားမည်ဟု ပြည်ထဲရေး ဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့၏ ဝန်ကြီးဖြစ်သူ Mr. Amit Shah က ပြောကြားခဲ့ပါသည်။ ပဲမျိုးစုံဖူလုံရေးကို အထောက်အကူပြုစေရန်ရည်ရွယ်လျက် အစိုးရ၏ ပဲစင်းငုံဝယ်ယူရေး အင်တာနက်စကြီံတစ်ရပ်အား လွှင့်တင်သည့်အခမ်းအနားကို ၄-၁-၂၀၂၄ နေ့တွင်ကျင်းပခဲ့ရာ ဝန်ကြီး Mr. Amit Shah က တက်ရောက်ဖွင့်လှစ်ခဲ့ပြီး ၎င်းစကြီံမှတစ်ဆင့် တောင်သူ ၂၅ ဦးက ပဲစင်းငုံများ ရောင်းချမှုအတွက် ရူပီးငွေ ၆၈ သိန်းကို အကျိုးအမြတ် တိုက်ရိုက်လွှဲပြောင်းမှု (Direct Benefit Transfer) စနစ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ဈေးနှုန်းခိုင်မာမှုမရှိခြင်းကြောင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တောင်သူလယ်သမားများ၏ ပါဝင်လုပ်ကိုင်မှုမှာ နည်းပါးလျက်ရှိကြောင်း၊ လယ်သမားများအနေဖြင့် ယခုလွှင့်တင်သည့် စကြီံမှတစ်ဆင့် အစိုးရက အနိမ့်ဆုံးထား ဈေးပေး ဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့်ဖြစ်စေ ဈေးကွက်ဈေးနှုန်းအတိုင်းဖြစ်စေ များရာနှုန်းထားဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချမှုပြုနိုင်မည်ဖြစ်ကြောင်း၊ ပဲစင်းငုံ၏ ပြင်ပဈေးကွက်ပေါက်ဈေးသည် အစိုးရ၏အခြေခံရည်ညွှန်း ဈေးနှုန်းထက် မြင့်မားပါက ပုံသေနည်းကျ တွက်ချက်ရရှိသော ပျမ်းမျှဈေးနှုန်းတစ်ရပ်ဖြင့် ပေးချေဝယ်ယူမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ချက်သည် ပဲမျိုးစုံ လုံလောက်စွာထုတ်လုပ်နိုင်ရေးကိုသာမက အစာအာဟာရဖူလုံရေးကိုပါ အထောက်အပံ့ ပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ပဲမျိုးစုံ သီးနှံများ၏ စိုက်ပျိုးရေသုံးစွဲရန် လိုအပ်ချက်နည်းပါးမှုအရ ရေကိုချွေတာနိုင်မည်ဖြစ်ပြီး

နိုက်ထရိုဂျင် ဖြည့်ဆည်းပေးမှု ဖြစ်စဉ်အရ မြေဆီလွှာကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ၂၀၂၈ ခုနှစ်ဇန်နဝါရီလမှစတင်၍ မည်သည့်ပဲအမျိုးအစားကိုမျှ တင်သွင်းရန်လိုအပ်မှုမရှိတော့သည့် အခြေအနေသို့ ရောက်ရှိရန် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် အဆိုပါအခမ်းအနား၌ ဝန်ကြီး Mr. Shah က ပြောဆိုခဲ့သည်။

အိန္ဒိယအစိုးရ၏ ဝယ်ယူရေးအေဂျင်စီများ ဖြစ်ကြသော အမျိုးသား လယ်ယာထွက်ကုန် သမဝါယမ ဈေးကွက်အသင်းချုပ် (NAFED) နှင့် အမျိုးသား စားသုံးသူများ သမဝါယမအသင်းချုပ် (NCCF) တို့သည် အဆိုပါဝယ်ယူရေးစကြိုး၌ မှတ်ပုံတင်ထားသည့် လယ်သမားများထံမှ ပဲစင်းငုံများကို အရန်ရိက္ခာ ထားရှိရန်အတွက် တိုက်ရိုက်ငွေပေးချေဝယ်ယူမည်ဖြစ်သည်။

ယခု ဝယ်ယူရေးစကြိုးန် တည်ထောင်ခြင်းသည် သီးနှံမျိုးစုံ ဖြန့်ကျက်စိုက်ပျိုးမှုမှတစ်ဆင့် ပြည်တွင်း ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှုကိုမြှင့်တင်နိုင်ရန်နှင့် ပြည်ပမှတင်သွင်းနေရမှုအပေါ် အမှီပြုနေရခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရအနေဖြင့် မတ်ပဲ၊ ပဲနီလေးနှင့်ပြောင်းသီးနှံတို့အတွက်လည်း အလားတူဝယ်ယူရေးစကြိုးန်များကို တည်ထောင်မည်ဖြစ်ကြောင်း၊ NCCF အေဂျင်စီနှင့် တွဲဖက်လုပ်ကိုင်လျက်ရှိသည့် Agribid လီမိတက်ကဲ့သို့သော ကုမ္ပဏီများသည် အခြားသော ကုန်စည်များဝယ်ယူရေးလုပ်ကိုင်မှုတွင် ကူညီပံ့ပိုးဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၆-၁၇ ခုနှစ်၌ စံချိန်တင်ထွက်ရှိသည့် တန်ချိန် ၄ ဒသမ ၈ သန်းနှင့် နှိုင်းယှဉ်ပါက စိုက်ဧကလျော့ကျမှုကြောင့် ၂၀၂၃-၂၄ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၄ သန်းခန့်သာ ထွက်ရှိနိုင်ချိန်၌ ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်မှု၏ ရလဒ်အားဖြင့် လက်ရှိဘဏ္ဍာနှစ် ပဲမျိုးစုံတင်သွင်းမှုပမာဏအပေါ် ရှေ့လာမည့်ဘဏ္ဍာနှစ်တွင် ၃၅ ရာခိုင်နှုန်းခန့် အထိ လျှော့ချတင်သွင်းနိုင်မည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းလျက်ရှိသည်။

**Source: Economic Times, 5 Jan 2024 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_17012024_1123

## အချိန်အခါမဲ့မိုးကြောင့် အိန္ဒိယနိုင်ငံ၏ ကော်ဖီအထွက် ကျဆင်းနိုင်



ကမ္ဘာ့ကော်ဖီဈေးကွက်၌ ဗီယက်နမ်နိုင်ငံ၏ ရောင်းလိုအားနည်းပါးမှုကြောင့် ရိုဘတ်စတာ ကော်ဖီဈေးနှုန်းများ မြင့်တက်လျက်ရှိနေချိန်တွင် အိန္ဒိယနိုင်ငံရှိ ကော်ဖီအဓိကစိုက်ပျိုးထုတ်လုပ်ရာ Karnataka နှင့် Kerala ပြည်နယ်များ၌ ဇန်နဝါရီလ ပထမပတ်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများက ကော်ဖီစိုက်တောင်သူများအတွက် စိုးရိမ်မကင်းဖြစ်ပေါ်စေလျက်ရှိပါသည်။ လက်ရှိကာလ မိုးရွာသွန်းမှုသည် ကော်ဖီသီး ရိတ်သိမ်းခူးဆွတ်မှုနှင့် အခြောက်ခံမှုလုပ်ငန်းများကို နှောင့်နှေးစေရုံသာမက သီးနှံများ၌ ဆောလျင်စွာအပွင့်ပွင့်မှုကို ဖြစ်ပေါ်စေလျက် ရှေ့လာမည့်နှစ် ရိုဘတ်စတာကော်ဖီ၏ အလားအလာကို ထိခိုက်စေနိုင်သည်ဟု တောင်သူများက ပြောဆိုကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြသည်။

အာရေးဘီးကာ ကော်ဖီသီးနှံများ၏ ရိတ်သိမ်းခူးဆွတ်မှုမှာ ပြီးဆုံးမှုမရှိသေးကြောင်း၊ ထိုသို့ မိုးရွာသွန်းမှုများက ကော်ဖီသီးများအား မြေပေါ်သို့ ကြွေကျပျက်စီးစေကြောင်း၊ မခူးဆွတ်ရသေးသော အာရေးဘီးကာ ကော်ဖီသီးများတွင် အခွံကွဲအက်မှုဖြစ်ပေါ်ပြီး ကြွေကျမှုဖြစ်စေနိုင်ကြောင်း၊ ရိုဘတ်စတာ ကော်ဖီခင်းများ၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့်တွင် ဆောလျင်စွာ ပန်းပွင့်မှုဖြစ်ပေါ်စေလျက် ရိတ်သိမ်းခူးဆွတ်မှုကို ခက်ခဲစေမည်ဖြစ်ကြောင်း၊ ထို့ပြင် နောက်ထပ်မိုးရွာသွန်းမှု မရရှိပါက ၎င်းသီးနှံပင်များ၏ လာမည့်နှစ် အလားအလာမှာကောင်းမွန်မှုရှိမည်မဟုတ်ကြောင်း၊ Karnataka ပြည်နယ်ရှိ အိန္ဒိယ၏ ကော်ဖီစိုက်ပျိုးမှု အကြီးမားဆုံးခရိုင်ဖြစ်သော Kodagu ခရိုင်တွင် အာရေးဘီးကာ ကော်ဖီခင်းများ၏ ၂၀ ရာခိုင်နှုန်းနှင့် ရိုဘတ်စတာကော်ဖီ စိုက်ခင်းများ၏ ၃၅ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းခန့်မှာ အချိန်အခါမဲ့မိုးကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ကြောင်းဖြင့် Kodagu ကော်ဖီစိုက်ပျိုးသူများအသင်းမှ ဥက္ကဋ္ဌ A Nanda Belliappa ကပြောကြားခဲ့သည်။

Karnataka ပြည်နယ်ရှိ Kodagu, Chikkamagaluru နှင့် Hassan ခရိုင်များနှင့် Kerala ပြည်နယ်ရှိ Wayanad ခရိုင်တို့တွင် အချိန်အခါမဟုတ်မိုးများ ကျယ်ပြန့်စွာရွာသွန်းခဲ့သည်။ အဆိုပါဒေသများ၌ ဇန်နဝါရီလ ၁ ရက်မှ ၈ ရက်အတွင်း ပုံမှန်မိုးရေချိန်မှာ ၁ မီလီမီတာမျှသာဖြစ်သော်လည်း Chikkamagaluru ခရိုင်တွင် ၂၁ မီလီမီတာ၊ Hassan ခရိုင်၌ ၃၁ မီလီမီတာနှင့် Kodagu ခရိုင်တွင် ၁၇ မီလီမီတာ အထိ အသီးသီး မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ရာသီဥတုကောင်းမွန်မှုမရှိခြင်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို ဖရိုဖရဲဖြစ်ပေါ်စေလျက်ရှိကြောင်း၊ တောင်သူများအတွက် လက်ရှိသီးနှံရာသီအပြင် ရှေ့လာမည့်နှစ် သီးနှံရာသီစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိသည့် ထပ်ဆင့်ထိုးနှက်ချက်ပင်ဖြစ်ကြောင်း၊ စိုက်ခင်းလုပ်သားရှားပါးမှုသည်လည်း ကော်ဖီစိုက်ပျိုးသူများအတွက် ဘူးလေးရာဖရုံဆင့်ဖြစ်ပေါ်လျက်ရှိကြောင်းဖြင့် Karnataka ပြည်နယ် ခြံစိုက်ခင်းလုပ်ငန်းရှင်များအသင်း၌ ယခင်ကဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော Mahesh Shashidhar က ပြောဆိုသည်။

ကမ္ဘာ့ဈေးကွက်၌ ကော်ဖီစေ့ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး အထူးသဖြင့် ရိုဘတ်စတာကော်ဖီ၏ဈေးနှုန်းမှာ မှတ်တမ်းဝင်စံချိန်တင်နိုင်သည့်အဆင့်၌ ရောက်ရှိနေသော်လည်း ရာသီဥတု၏ မျက်နှာသာမပေးမှုက တောင်သူများအနေဖြင့် လက်ရှိဈေးကောင်းရရှိနေမှု အခွင့်အရေးကို အပြည့်အဝရယူနိုင်စွမ်းမရှိသည့် အခြေအနေဖြစ်ပေါ်လျက်ရှိသည်။ ပြုပြင်သန့်စင်ပြီး အခွံမာ (parchment) ပါရှိသည့် အသစ်ထွက်ရှိလာသော ရိုဘတ်စတာကော်ဖီစေ့၏ စိုက်ခင်းအတွင်း ဈေးနှုန်းများသည် ၅၀ ကီလိုဂရမ်ဝင် ၁ အိတ်လျှင် ရူပီး ငွေ ၁၁၀၀၀ ဝန်းကျင်ရှိပြီး ယခင်နှစ်ကာလတူ၌ဖြစ်ပေါ်ခဲ့သော ရူပီး ၈၃၀၀ နှုန်းထားအပေါ် ၃၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်သည်။ အလားတူ ပြုပြင်မှုလုပ်ဆောင်ခြင်း မပြုရသေးသော ခူးဆွတ်ပြီး ရိုဘတ်စတာ ချယ်ရီသီးများ၏ ဈေးနှုန်းများသည်လည်း ယခင်နှစ်၌ ၁ အိတ်လျှင် ရူပီး ၄၂၀၀-၄၂၅၀ နှုန်းထားရှိရာမှ ယခုနှစ်တွင် ၅၇ ရာခိုင်နှုန်းမြင့်တက်လျက် ရူပီး ၆၆၀၀ မှ ၆၈၀၀ အတွင်း ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည်။

အခွံမာပါရှိသည့် ပြုပြင်သန့်စင်ပြီး အာရေးဘီးကာ ကော်ဖီစေ့၏ ဈေးနှုန်းများမှာ ယခင်နှစ်တွင်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများအတိုင်း ၅၀ ကီလိုဂရမ်ဝင် ၁ အိတ်လျှင် ရူပီး ၁၃,၇၀၀ မှ ၁၃,၉၀၀ အတွင်းနှုန်းထားဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အာရေးဘီးကာ ကော်ဖီချယ်ရီသီး၏ဈေးနှုန်းမှာ ယခင်နှစ်ကထက် ရူပီး ၁၀၀၀ ခန့် ဈေးပိုမိုလျက် ၁ အိတ်လျှင် ရူပီး ၇၇၅၀-၇၈၅၀ နှုန်းထားဖြင့် ရောင်းဝယ်မှုရှိကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၌ နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၃ ဒသမ ၅ သိန်းခန့်ကို ထုတ်လုပ်လျက်ရှိရာ ၎င်းပမာဏ၏ သုံးပုံနှစ်ပုံခန့်သည် ရိုဘတ်စတာကော်ဖီမျိုးများဖြစ်သည်။ Kerala ပြည်နယ်ရှိ Wayanad ခရိုင်သည် ရိုဘတ်စတာကော်ဖီကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လက်ရှိသီးနှံရာသီတွင် ခူးဆွတ်ရိတ်သိမ်းမှုမှာ ၂၅ ရာခိုင်နှုန်းခန့် လုပ်ဆောင်ထားပြီးဖြစ်သည်။

Wayanad ခရိုင်ရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဒါရိုက်တာ Prashant Rajesh က မိုးရွာသွန်းမှုသည် ကော်ဖီခူးဆွတ်ခြင်းနှင့် အခြောက်ခံခြင်းလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း၊ အချိန်အခါမဲ့မိုးကြောင့် နေလှန်းကွင်း၌ အခြောက်ခံသည့် ကော်ဖီစေ့များ၏ အရောင်ပြောင်းလဲမှုကို ကြုံတွေ့ရကြောင်း၊ ကော်ဖီစေ့များသည် ပုံမှန်အားဖြင့် အဝါရောင်ရှိရမည်ဖြစ်သော်လည်း ထိခိုက်မှုရှိသည့် ကော်ဖီစေ့များ၏အရောင်မှာ မီးခိုးရောင်သို့ ပြောင်းလဲခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ကော်ဖီဈေးကောင်းသော်လည်း မိုးဒဏ်ကြောင့် အရေအတွက်နှင့်အရည်အသွေးအပေါ် ထိခိုက်မှုရှိသဖြင့် တောင်သူများသည် အကျိုးအမြတ်ပြည့်ဝစွာရရှိခြင်းမရှိကြောင်း ပြောကြားပါသည်။ အဆိုပါဒေသ၌ ကော်ဖီအများအပြား စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Bose Mandanna ကလည်း ကော်ဖီစေ့ အခြောက်ခံမှုလုပ်ငန်းစဉ်မှာ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရသဖြင့် လက်ရှိအချိန်တွင် နေလှန်းကွင်းများမှာ နေရာလပ်မကျန်ဘဲ လုပ်ငန်းပြည့်ကျပ်လျက်ရှိကြောင်း ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် အောက်တိုဘာလမှ စတင်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် ကော်ဖီသီးနှံရာသီအတွင်း ရိုဘတ်စတာကော်ဖီစေ့ တန်ချိန် ၂ ဒသမ ၆၁ သိန်းနှင့် အာရေးဘီးကာ ကော်ဖီစေ့တန်ချိန် ၁ ဒသမ ၁၃ သိန်း၊ စုစုပေါင်း ကော်ဖီစေ့တန်ချိန် ၃ ဒသမ ၇၄ သိန်း ထုတ်လုပ်နိုင်မည်ဟု အိန္ဒိယကော်ဖီဘုတ်အဖွဲ့က မှတ်သုံးကာလအလွန် ခန့်မှန်းချက်ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

**Source: The Hindu Business Line, 8 Jan 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_17012024_1118

## ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းဆန်ဈေးနှုန်းအမြင့်တွင်ရှိရန် ထိုင်းပို့ကုန်လုပ်ငန်းရှင်များက မျှော်မှန်းထား

အိန္ဒိယနိုင်ငံက ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ထားဆဲဖြစ်သဖြင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များက ယခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းဆန်ဈေးနှုန်းသည် အမြင့်တွင်ရှိသင့်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ ဖြစ်ကြောင်း၊ ထိုင်း၊ ဗီယက်နမ်နှင့်ပါကစ္စတန်နိုင်ငံတို့သည် ဆန်အဓိကတင်ပို့လျက်ရှိသော နိုင်ငံများဖြစ်ကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆန်ဆက်လက်ဝယ်ယူတင်သွင်းမည်ဖြစ်သော်လည်း ဆန်တန်ချိန် ၄ သန်းကို ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံများစွာက ဝယ်ယူတင်သွင်းခဲ့ပြီးဖြစ်သဖြင့် ယခုနှစ်အတွင်း ဝယ်ယူတင်သွင်းမှုသည် ယခင်နှစ်က ဝယ်ယူခဲ့သည့်ပမာဏအောက် လျော့နည်းနိုင်ကြောင်း၊ ထိုင်းဆန်တင်ပို့ခဲ့မှုသည် ယခင်နှစ်က တန်ချိန် ၈ ဒသမ ၈ သန်းမှ ၈ ဒသမ ၉ သန်းကြားရှိခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ် ၁၈၀ ဘီလီယံဖြစ်ကြောင်း၊ ဆန်ဖြူနှင့် ရနံ့ပါဆန် (Hom mali) တို့ကို တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းမှာ အဓိကဆန်တင်သွင်းသူများ၏ တင်သွင်းမှု အရှိန်မြှင့်တင်လာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဆန်တင်ပို့ခဲ့မှုပမာဏသည် တန်ချိန် ၉,၀၀,၀၀၀ ရှိခဲ့ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့်ဂျပန်နိုင်ငံတို့က မှာယူထားမှုကြောင့် ဇန်နဝါရီလအတွင်း တန်ချိန်များစွာတင်ပို့ရန် ကတိကဝတ်ပြုထားပြီး ဖြစ်ကြောင်း၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသနှင့်အမေရိကန်စသည့် အဓိကဈေးကွက်များကလည်း ၎င်းတို့နိုင်ငံတွင်း ဆန်ထုတ်လုပ်မှုလျော့ချလိုက်ခြင်းကြောင့် ၂၀၂၄ ခုနှစ် ပထမ ၃ လပတ်အတွင်း အရန်ဆန်ကာမိစေရန် ဆန်ဖြူ ကောက်ညှင်းဆန်နှင့် ရနံ့ပါဆန်များကို မှာယူနိုင်သည်ဟု ခန့်မှန်းထားပါကြောင်း၊ ထိုင်းဆန်ထောက်ပံ့မှုသည် လုံလောက်နေဆဲဖြစ်ပြီး ဈေးနှုန်းသည်လည်း ယှဉ်ပြိုင်နိုင်ဆဲဖြစ်ကြောင်း Mr. Chookiat က ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဆန်ဖြူ ၅ ရာခိုင်နှုန်းဈေးသည် တစ်တန်လျှင် ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ ၆၅၉၊ ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၆၅၃ မှ ၆၅၇ ကြား၊ ပါကစ္စတန်နိုင်ငံက အမေရိကန်ဒေါ်လာ ၅၉၃ မှ ၅၉၇ ကြား အသီးသီးဖြစ်ကြောင်း၊ Parboiled ဆန် တစ်တန်လျှင် ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ ၆၅၉၊ အိန္ဒိယက အမေရိကန်ဒေါ်လာ ၅၁၃ မှ ၅၁၇ ကြား၊ ပါကစ္စတန်က ၅၅၀ အသီးသီးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း အိန္ဒိယက ဆန်ပြန်လည် တင်ပို့ခွင့်ပြုနိုင်သောကြောင့် ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့နိုင်ရန် ခန့်မှန်းထားပါကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များ၏ သက်ရောက်မှုများကို စောင့်ကြည့်ရန်လိုအပ်ကြောင်း Mr. Chookiat က ပြောကြားခဲ့သည်။

အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားသည့်အချက်အလက်များအရ ၂၀၂၃ ခုနှစ် ပထမ ၁၁ လအတွင်း ဆန်တန်ချိန် ၇ ဒသမ ၉၅ သန်း တင်ပို့နိုင်ခဲ့ပြီး ဘတ် ၁၆၀ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

**Source: www.bangkokpost.gov၊**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_170120240944

## MRF သတ်မှတ်ပေးသည့် ဆန်ဈေးနှုန်းများ မြင့်တက်လာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ဇန်နဝါရီလအတွက် သတ်မှတ်ပေးတဲ့ ဆန်ဈေးနှုန်း (Reasonable Market Price) များ ဒီဇင်ဘာလထက် မြင့်တက်လာကြောင်း ထုတ်ပြန်ချက်အရ သိရှိရပါတယ်။

ဇန်နဝါရီလအတွင်း ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်က ကျပ် ၇၀,၀၀၀ မှ ၇၂,၀၀၀၊ ၁၅ မှတ် ဆန်တစ်အိတ်က ကျပ် ၇၂,၀၀၀ မှ ကျပ် ၇၅,၀၀၀၊ ၁၀-၅ မှတ် ဆန်တစ်အိတ်က ကျပ် ၇၅,၀၀၀ မှ ကျပ် ၇၈,၀၀၀ သတ်မှတ်ထားပါတယ်။

ရက် ၉၀/ပခန်း/အညာသား/အထူးညွှေ့မထအုပ်စုများ ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၈၀,၀၀၀ မှ ၈၅,၀၀၀၊ ရောမင်း/ရောပဒေသာ ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၉၅,၀၀၀ မှ ၁,၀၀,၀၀၀၊ ရောဝတီပေါ်ဆန်း ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၁,၀၀,၀၀၀ မှ ၁,၁၀,၀၀၀ ဈေးရှိပါတယ်။

အခြားပေါ်ဆန်းများ ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၉၀,၀၀၀-၁၀၀,၀၀၀ ၊ ရောဝတီ (ကျားပျံ/တောင်ပျံ) ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၁,၁၀,၀၀၀-၁,၁၅,၀၀၀ နဲ့ ရွှေဘိုပေါ်ဆန်း ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၁,၂၅,၀၀၀ - ၁,၃၅,၀၀၀ သတ်မှတ်ထားပါတယ်။

ဇန်နဝါရီလ သတ်မှတ်ဈေးနှုန်းကို ဒီဇင်ဘာလနှုန်းထားတွေနဲ့ နှိုင်းယှဉ်ချက်အရ ညွှေ့မထ ၂၅ မှတ်၊ ၁၅ မှတ်၊ ၁၀-၅ မှတ်ဆန်အမျိုးအစားတွေက ကျပ် ၁၀,၀၀၀-၁၁,၀၀၀၊ ရက် ၉၀/ ပခန်း/အညာသား/အထူးညွှေ့မထအုပ်စုများ ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၁၂,၀၀၀ - ၁၃,၀၀၀၊ ရောမင်း/ရောပဒေသာ ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၅,၀၀၀၊ ရောဝတီပေါ်ဆန်း ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၂၀,၀၀၀၊ ရွှေဘိုပေါ်ဆန်း ၁၀-၅ မှတ်ဆန် တစ်အိတ်က ကျပ် ၃၅,၀၀၀-၄၀,၀၀၀ အသီးသီး မြင့်တက်လာပါတယ်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချမှုတွေမှာ ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ပြီး Super Market တွေ၊ Mini Mart တွေမှာ Consumer Packaging နဲ့ Modern Trade ရောင်းချမှုများအတွက် ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအတွင်း ကွာဟမှုရှိနိုင်ကြောင်း MRF က ထုတ်ပြန်ထားပါတယ်။

အဆိုပါနှုန်းထားတွေက ၂၀၂၃ မိုးစပါးမှထွက်ရှိတဲ့ ဆန်အသစ်များအတွက်သာဖြစ်ပြီး ဝယ်ယူဖို့အခက်အခဲရှိပါက အသင်းချုပ်ရုံးနဲ့ ကုန်စည်ဒိုင်တွေထံ ဆက်သွယ်ညှိနှိုင်း ဝယ်ယူနိုင်တယ်လို့ သိရှိရပါတယ်။

**Source: BETV Business**

## STOCK EXCHANGE (17.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,700 | 1,065 | 9,467,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,800 | 2,900 | 2,800 | 15,126 | 43,639,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 38 | 300,200 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 538 | 816,400 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 6 | 12,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 10 | 47,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,661 | 2,823,900 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.69 | -0.72 | -0.19% | 366.96 | 368.69 | 365.27 | 18,444 | 57,105,900 | 8 | 695,419 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

### Main Board

As of 1:00 pm, 17th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,444 (Shares) | 57,105,900 (MMK) |

| MYANPIX | 368.69 ▼ 0.72 |
|---|---|
| Total Volume (shares) | 18,444 |
| Total Value (MMK) | 57 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,419 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |